# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရတို့အကြား

# လန်ကန်း – မဲခေါင်မြစ်အတွင်း ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (ဤမှ နောက်တွင် "သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်များ" ဟု ရည်ညွှန်းမည်) တို့သည် –

နှစ်နိုင်ငံတန်းတူရည်တူရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမည့် မူဝါဒကို အခြေခံ၍ ရှေးအစဉ်အလာအရ မိတ်ဆွေအဖြစ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ဖြစ်ပေါ်မှုကို ရည်မှန်းပြီး –

နှစ်နိုင်ငံအကြား လန်ကန်း – မဲခေါင်မြစ်အတွင်း ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းကို နှစ်ဦးနှစ်ဘက် အပြန်အလှန် လုပ်ကိုင်ရန် အောက်ပါအတိုင်း သဘောတူညီကြသည် –

## အပိုဒ် (၁)

ဤစာချုပ်တွင် –

၁။ "ရေယာဉ်" ဆိုသော စကားရပ်သည် သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံစီ၏ နယ်နိမိတ်အတွင်းတွင် တရားဝင် မှတ်ပုံတင်ပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော ယင်းအဖွဲ့ဝင် တစ်နိုင်ငံစီ၏ အမျိုးသားအလံကို လွှင့်ထူထားသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ရေယာဉ်ကို ဆိုလိုသည်။

၂။ "သင်္ဘောသား" ဆိုသော စကားရပ်သည် ဤသဘောတူစာချုပ်၏ အပိုဒ် – ၆ တွင် ပြဋ္ဌာန်းထားသည့် စိစစ်ရေး စာရွက်စာတမ်းကို ကိုင်ဆောင်ထားပြီးလျှင် ရေယာဉ်ပေါ်တွင် အမှန်တကယ်ခန့်ထားခြင်းခံရသူဖြစ်ပြီး ယင်း၏ အမည်သည် အဆိုပါ ရေယာဉ်သင်္ဘောသားများစာရင်းတွင် ပါဝင်သူကို ဆိုလိုသည်။

၃။ "ခရီးသည်" ဆိုသောစကားရပ်သည် သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံစီ၏ ရေယာဉ်တစ်စီးပေါ်တွင် ခရီးစဉ်၌ လိုက်ပါသူဖြစ်ပြီး ယင်းပုဂ္ဂိုလ်သည် တရားဝင် ပြည်ဝင်ခွင့် ဗီဇာလက်မှတ်နှင့်အတူ အစစ်အမှန် နိုင်ငံကူးလက်မှတ် သို့မဟုတ် နယ်ခြားဖြတ်ကျော်ခွင့်လက်မှတ် ကိုင်ဆောင်ထားသူဖြစ်ရမည့်အပြင် ယင်းပုဂ္ဂိုလ်၏ အမည်သည် ရေယာဉ်၏ ခရီးသည်များ စာရင်းတွင် ပါဝင်သူကို ဆိုလိုသည်။

၄။ "ကုန်စည်" ဆိုသော စကားရပ်သည် သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ရေယာဉ်တွင် တင်ဆောင်ထားပြီး သင်္ဘောကုန်တင်တန်ဆာစာရင်းတွင် ပါဝင်သည့် ကုန်ပစ္စည်း။ သို့မဟုတ် ရောင်းကုန်၊ ဝယ်ကုန်ကိုဆိုလိုသည်။

## အပိုဒ် (၂)

၁။ သင်္ဘောတွဲစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံများသည် သင်္ဘောတွဲ စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် သင်္ဘောတွဲစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နှစ်နိုင်ငံအကြား လန်ကန်း – မဲခေါင်မြစ်ကို ကုန်သွယ်ရေးကြောင်း၊ လမ်းအဖြစ် ဖွင့်လှစ်ပေးရမည်။ သင်္ဘောတွဲစာချုပ် ချုပ်ဆိုသည့်အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေယာဉ်များသည် ရေယာဉ်ရပ်မောင်း ရောက်ရှိနေသော အရပ်ဒေသပါဝင်နေသည့် သင်္ဘောတွဲ စာချုပ်ချုပ်ဆိုသည့်အဖွဲ့ဝင် နိုင်ငံ၏ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ နှစ်နိုင်ငံအကြား ကုန်ပစ္စည်းနှင့် ခရီးသည်ပို့ဆောင်ရေးအတွက် နိုင်ငံခြားရေယာဉ်များ ဝင်ထွက်ရန် ဖွင့်လှစ်ထားသည့် သင်္ဘောတွဲစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နှစ်နိုင်ငံ၏ ဆိပ်ကမ်းများအကြား၊ သို့မဟုတ် သင်္ဘောတွဲစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံနှင့် အခြား တတိယနိုင်ငံ၏ ဆိပ်ကမ်းများအကြား သွားလာနိုင်သည်။

၂။ လောလောဆယ်တွင် သင်္ဘောတွဲစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံများသည် အောက်ပါဆိပ်ကမ်းများကို ဖွင့်လှစ်ရမည် –

- တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် – စီမော်၊ ကျင်ဟောင်း၊ မဲခန်နှင့် ဂွမ်လီ၊
- ပြည်ထောင်စုမြန်မာနိုင်ငံအတွက် – ဝမ်ပုံ နှင့် ဝမ်ဆိုင်၊

နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၏ လိုအပ်ချက်နှင့်အညီ သင်္ဘောတွဲစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံများသည် အခြားတစ်ဘက်နိုင်ငံအတွက် ဆိပ်ကမ်းမြို့များကို တဖြည်းဖြည်း တိုးချဲ့ဖွင့်လှစ်နိုင်သည်။

သင်္ဘောတွဲစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံမှ အထက်တွင်ဖော်ပြထားသော ဖွင့်လှစ်ထားသည့် ဆိပ်ကမ်းမြို့တစ်မြို့ကို ရုပ်သိမ်းရန် ဆန္ဒရှိခဲ့လျှင် ယင်းနိုင်ငံမှ အခြားသင်္ဘောတွဲစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံ သို့ လိုအပ်သော အစီအစဉ်များ ပြုလုပ်နိုင်ရန် ကြိုတင်အကြောင်းကြားရမည်။

## အပိုဒ် (၃)

သင်္ဘောတွဲစာချုပ် ချုပ်ဆိုသည့်အဖွဲ့ဝင် နိုင်ငံများသည် ရေယာဉ်ဆိပ်ကမ်းသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းဆိုင်ရာ စည်းကမ်းချက်များ၊ အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့် အခြားစည်းကမ်းချက်များ၊ ကုန်တင် ကုန်ချရာတွင် ဆိုက်ကပ်ရန် ဆိပ်ခံနေရာ အသုံးပြုခြင်း၊ သင်္ဘောကျင်း – လွှန်းဆိပ်များ၊ ကုန်လှောင်ရုံများနှင့် အခြားဆိပ်ကမ်း အသုံး အဆောင်များ၊ အသုံးပြုခြင်း၊ ပစ္စည်းများ ဖြည့်တင်းခြင်းနှင့် ဆိပ်ကမ်းအခွန်အကောက်များ စည်းကြပ်ခြင်းတို့နှင့် စပ်လျဉ်း၍ တစ်နိုင်ငံစီ၏ ရေယာဉ်များအား အထူးအခွင့်အရေးပေးခံရသည့် နိုင်ငံများအပေါ် ဆက်ဆံမှုကို အပြန်အလှန် ပေးကြရမည်။

## အပိုဒ် (၄)

သဘောတူစာချုပ် ချုပ်ဆိုသည့်အဖွဲ့ဝင်နိုင်ငံ၏ ရေယာဉ်များသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းများကို ယင်းရေယာဉ်များက အခြားသဘောတူစာချုပ် ချုပ်ဆိုသည့်နိုင်ငံ၏ ရေပြင်ပိုင်နက်တွင် သွားလာနေစဉ် သို့မဟုတ် ရပ်နားနေစဉ် အချိန်ကာလတွင် လိုက်နာကြရမည်။ ယင်းအထဲတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်နှင့် သတ္တလောကသဟဇာတ ဖြစ်မှုထိန်းညှိခြင်း စသည်တို့ ပါဝင်သည်။

## အပိုဒ် (၅)

သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ ရေယာဉ်များသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ ရေပြင် သို့မဟုတ် ဆိပ်ကမ်းတွင်ရှိနေစဉ် အခြားသဘောတူ စာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံသည် သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေယာဉ်ပေါ်တွင်ဖြစ်ပေါ်သော အတွင်းရေး ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရ။

ခြွင်းချက်။ (၁) သင်္ဘော၊ ယင်းသင်္ဘော၏ သင်္ဘောသားများ သို့မဟုတ် ခရီးသည်များ၏ လုပ်ဆောင်ချက်များသည် အခြားသဘောတူ စာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံ၏ အမျိုးသား လုံခြုံရေး သို့မဟုတ် တရားဥပဒေ စိုးမိုးရေး သို့မဟုတ် နိုင်ငံသားများ၏ အခွင့်အရေးကို ထိခိုက်နစ်နာစေလျှင်၊

(၂) သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ တရားဝင် အာဏာပိုင်များ၊ ရေယာဉ်နှင့် သက်ဆိုင်သည့် နိုင်ငံ၏ သံတမန်ကိုယ်စားလှယ်များ၊ သို့မဟုတ် ကောင်စစ်ဝန်အရာရှိများက အကူအညီတောင်းခံလျှင်၊

(၃) ဆေးဝါးများ မှောင်ခိုခြင်း၊ တရားမဝင် ရောင်းဝယ်ခြင်းနှင့် နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်မှုကို နှိမ်နင်းရန်နှင့် ကာကွယ်ရန်အတွက် လိုအပ်သည်များကို ဆောင်ရွက်ရလျှင်။

## အပိုဒ် (၆)

သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံမှ နည်းလမ်းတကျ ထုတ်ပေးထားသည့် သင်္ဘောသား အဖွဲ့ဝင်၏ စိစစ်ရေးစာရွက်စာတမ်းများကို အသိအမှတ် ပြုရမည် –

အဆိုပါ စိစစ်ရေး စာရွက်စာတမ်းများမှာ –

– တရုတ်သင်္ဘောသားများအတွက် – တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သင်္ဘောသားစာအုပ်၊

– မြန်မာသင်္ဘောသားများအတွက် – ပြည်ထောင်စုမြန်မာနိုင်ငံ၏ သင်္ဘောသားစာအုပ်။

## အပိုဒ် (၇)

၁။ သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ ရေယာဉ်များ နိုင်ငံသားဖြစ်မှုကို အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံမှ နည်းလမ်းတကျ ထုတ်ဝေထားသော မှတ်ပုံတင်လက်မှတ်ကို အထောက်အထားပြု၍ အသိအမှတ်ပြုရမည်။

၂။ သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ နည်းလမ်းတကျ ထုတ်ဝေထားပြီး အသိအမှတ်ပြုထားသည့် ရေယာဉ်၏ တန်ချိန်ကို ယင်းရေယာဉ်များအား ပြန်လည်တိုင်းထွာခြင်းမပြုဘဲ လက်ခံရမည်။

## အပိုဒ် (၈)

၁။ သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေယာဉ်များ ခေတ္တရပ်နားထားစဉ် ဤသဘောတူ စာချုပ်၏ အပိုဒ် – ၆ တွင် ရည်ညွှန်းထားသည့် စိစစ်ရေး စာရွက်စာတမ်းများ ကိုင်ဆောင်ထားသော သင်္ဘောသား အဖွဲ့ဝင်များသည် ဆိပ်ကမ်း တည်ရှိရာ မြို့ သို့မဟုတ် မြို့ကြီးသို့ ယာယီကမ်းတက်ခွင့်ဖြင့် ကမ်းသို့တက်နိုင်သည်။

၂။ သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေယာဉ်များမှ သင်္ဘောသား အဖွဲ့ဝင်များသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင် တစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း ဆေးဝါး ကုသမှု ခံယူရန် လိုအပ်ပါက ထိုအခြားသဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံ၏ တာဝန်ရှိ အာဏာပိုင်များသည် ထိုသူများကို ဆေးဝါး ကုသမှုခံယူနိုင်ရန် လုံလောက်သည့် အချိန်ကာလ အပိုင်းအခြားထိ ယင်း၏ နယ်နိမိတ်အတွင်းတွင် နေထိုင်ခွင့် ပြုရမည်။

## အပိုဒ် (၉)

ဤသဘောတူစာချုပ်၏ အပိုဒ် (၆) တွင် ရည်ညွှန်းထားသည့် စိစစ်ရေးစာရွက်စာတမ်းများ ကိုင်ဆောင်ထား သော သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ သင်္ဘောသားအဖွဲ့ဝင်များသည် ယင်းတို့၏ရေယာဉ်များနှင့် ဆုံတွေ့ရန်အတွက်သော်လည်းကောင်း၊ သို့မဟုတ် ရေယာဉ်တစ်စီးမှ အခြားတစ်စီးသို့ ရွှေ့ပြောင်းရလျှင်သော် လည်းကောင်း၊ သို့မဟုတ် နေရပ်သို့ပြန်ပို့ခံရလျှင်သော်လည်းကောင်း၊ ပြည်ဝင်ခွင့် ဗီဇာလက်မှတ်မပါဘဲ ခရီးသည် များအဖြစ် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နိုင်သည်၊ သို့မဟုတ် ဖြတ်သန်းသွားနိုင်သည်။

## အပိုဒ် (၁၀)

၁။ သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံမှ ရေယာဉ်များသည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံ၏ ရေပြင်တွင် ကျောက်ဆောင်နှင့် တိုက်မိ၍သော်လည်းကောင်း၊ သောင်တင်၍သော်လည်းကောင်း၊ ရေစီးမြန်သည့် ရေလမ်းကြောင်းပေါ်တွင် ကြိုးဖြင့် ဆွဲတက်နေရခြင်း၊ သို့မဟုတ် ဖြတ်ကျော်နေရခြင်းတို့ကြောင့် ပုံမှန်

ရေကြောင်းသွားလာမှုကို မလုပ်ဆောင်နိုင်သည့်အခါတွင် ရေယာဉ်ပေါ်တွင် လိုက်ပါလာသူ သင်္ဘောသား အဖွဲ့ဝင်များနှင့် ခရီးသည်များသည် ကမ်းပေါ်သို့ တက်ရောက်နိုင်ပြီးလျှင် ပုံမှန်ရေကြောင်း သွားလာမှု မလုပ်ဆောင်နိုင်သည့် အရပ်ဒေသများကို ဖြတ်သန်းသွားလာနိုင်သည်။ အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ တရားဝင် အာဏာပိုင်များ ထံသို့ အလျင်မြန်ဆုံး အကြောင်းကြားရမည်။

## အပိုဒ် (၁၁)

၁။ သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ရေယာဉ်တစ်စီးသည် အခြားသဘောတူ စာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေပြင်တွင် ရေကြောင်းဆိုင်ရာ ထိခိုက်မှုများ၊ သို့မဟုတ် အခြားမတော်တဆ ထိခိုက်မှု တစ်စုံတစ်ရာတွင် ပါဝင်နေလျှင် အခြားသဘောတူ စာချုပ် ချုပ်ဆိုသည့် နိုင်ငံမှ တာဝန်ရှိ အာဏာပိုင်များသည် ရှာဖွေခြင်းနှင့် ကယ်တင်ခြင်းလုပ်ငန်းကို ချက်ချင်းလုပ်ဆောင်ရမည့်အပြင် ရေယာဉ်၊ သင်္ဘောသား အဖွဲ့ဝင်များ၊ ခရီးသည်များနှင့် ကုန်စည်များကို တတ်နိုင်သရွေ့ ကူညီမှုနှင့် ပြုစုစောင့်ရှောက်မှုတို့အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ ထို့အပြင် သဘောတူ စာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံမှ သက်ဆိုင်သည့် အာဏာပိုင်များထံသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၂။ ဒုက္ခရောက်နေသည့် ရေယာဉ်ပေါ်တွင် ပါသော ကုန်စည်များကို ဆယ်ယူပြီး အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်း၊ ယာယီသိုလှောင်ရန် လိုအပ်လျှင် ယင်းကုန်စည်များကို ထိုနိုင်ငံတွင် စားသုံးရန်ဖြစ်စေ၊ ရောင်းချရန်ဖြစ်စေ အသုံးမပြုပါက ထိုကုန်စည်များအပေါ် အခွန်အကောက် စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၃။ သင်္ဘောသားအဖွဲ့ဝင်များနှင့် ခရီးသည်များသည် သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ ကမ်းပေါ်တွင် ဒုက္ခရောက်၍ နေထိုင်နေစဉ် ယင်းသဘောတူ စာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေနှင့် စည်းကမ်းများကို လေးစားရမည်။ သဘောတူစာချုပ် ချုပ်ဆိုသည့်အဖွဲ့ဝင်နိုင်ငံမှ တာဝန်ရှိအာဏာပိုင်များသည် နိုင်ငံတကာကျင့်စဉ်နှင့် အညီ ဒုက္ခရောက်နေသည့် သင်္ဘောသားအဖွဲ့ဝင်များနှင့် ခရီးသည်များကို ခရီးလမ်းဆုံးသို့ သွားရောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

## အပိုဒ် (၁၂)

သဘောတူစာချုပ် ချုပ်ဆိုသည့်အဖွဲ့ဝင် နှစ်နိုင်ငံမှ ရေယာဉ်များသည် ယင်းတို့ မှတ်ပုံတင်ထားသည့် သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ တာဝန်ရှိအာဏာပိုင်များ ခွင့်ပြုသည့် အာမခံကုမ္ပဏီများတွင် အာမခံထားရှိရမည်။

## အပိုဒ် (၁၃)

သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နှစ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောလုပ်ငန်း လုပ်ကိုင်သော သင်္ဘောလုပ်ငန်းများမှ ဖြစ်ထွန်းသော ဝင်ငွေနှင့် အမြတ်ငွေများအပေါ် အခွန်ဆိုင်ရာ ကိစ္စရပ်များကို အဆိုပါ ဝင်ငွေနှင့် အမြတ်ငွေပေါ်ပေါက်သော သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေများအတိုင်းသာ ဖြစ်စေရမည်ဟု သဘောတူညီမှုပြုသည်။

## အပိုဒ် (၁၄)

သဘောတူစာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများသည် အခြားသဘောတူ စာချုပ်ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်းတွင် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်သည်။ သို့ရာတွင်ယင်းတို့သည် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်၏ ဥပဒေများ၊ စည်းမျဉ်းများနှင့် ညီညွတ်မှုရှိရမည့်အပြင် တာဝန်ရှိသည့် အာဏာပိုင်များ၏ နည်းလမ်းတကျ သဘောတူခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်။

## အပိုဒ် (၁၅)

ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်အလို့ငှာ သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံစီ၏ အဓိကတာဝန်ရှိ အဖွဲ့အစည်းများမှာ အောက်ပါတို့ဖြစ်ပါသည် -

- တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် - ပို့ဆောင်ရေးဝန်ကြီးဌာန၊

## အပိုဒ် (၁၆)

ဤသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် သဘောတူစာချုပ်ချုပ်ဆိုကြသည့် အဖွဲ့ဝင် နှစ်နိုင်ငံမှ နှစ်ဘက်ကိုယ်စားလှယ်များသည် နှစ်ဦးနှစ်ဘက် သဘောတူညီသည့်နေ့ရက်နှင့် နေရာတွင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြရန် သဘောတူညီကြသည်။

## အပိုဒ် (၁၇)

ဤသဘောတူစာချုပ် သည် လက်မှတ်ရေးထိုးသည့်နေ့ရက်မှ စ၍ ငါးနှစ်တာကာလအတည်ဖြစ်သည်။ ထို့မှ တစ်ဖန် အခြားသဘောတူစာချုပ် ချုပ်ဆိုသည့်ဘက်မှ ဤစာချုပ်ကို ရပ်စဲရန် သုံးလကြိုတင်၍ စာဖြင့် ရေးသားပြီး အကြောင်းကြားခြင်းမရှိလျှင် အလိုအလျောက် သုံးနှစ်တာကာလစီ ဆက်တိုက်အသစ်တစ်ဖန် ပြုလုပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အပိုဒ် (၁၈)

ဤသဘောတူစာချုပ်အပေါ် သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်တစ်နိုင်ငံမှ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ရန် အဆိုပြုလိုပါက အခြားသဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံသို့ အနည်းဆုံး သုံးလကြိုတင်၍ စာဖြင့် ရေးသားအကြောင်းကြားရမည်။ ထိုပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း တစ်စုံတစ်ရာသည် သဘောတူစာချုပ် ချုပ်ဆိုသည့် အဖွဲ့ဝင်နိုင်ငံများမှ နှစ်ဦးနှစ်ဘက် သဘောတူညီကြပြီးနောက် လက်မှတ်ရေးထိုးပြီးသည့်အခါ အတည်ဖြစ်ရမည်။

ပီကင်းမြို့၌ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၇) ရက်နေ့တွင် တရုတ်၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြင့် မူရင်း ခွဲများအဖြစ် ရေးသားပြုစုပြီး ယင်းသုံးစောင်စလုံးသည် အညီအမျှ အစစ်အမှန်များ ဖြစ်ကြသည်။ အဓိပ္ပာယ်ကောက်ယူမှုတွင် ကွဲလွဲချက်တစ်စုံတစ်ရာ ရှိလာပါက အင်္ဂလိပ်ဘာသာစကားဖြင့် ပြုစုထားသည့် စာစောင်က လွှမ်းမိုးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ
အစိုးရကိုယ်စား

ဟွမ်ကျင်တုန်း
ဝန်ကြီး။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
တရုတ်ပြည်သူ့သမ္မတနိုင်ငံ

黄镇东

ပြည်ထောင်စုမြန်မာနိုင်ငံ
အစိုးရကိုယ်စား

ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း
ဝန်ကြီး။ ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံ

